**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ )**

စာအမှတ်၊ SSE/NM/၀၁၄ /၂၀၁၉
ရက်စွဲ၊ ၂၀၁၉ – ခုနှစ်၊ ဇွန်လ(၁၃)ရက်။

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ (၁) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ (၂၈.၅.၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ဆသရ-ရခ/၇-၀၁၁/ SMW-3/၂၀၁၉/၆၈၃

(၂) နိုင်ငံတော်သမ္မတရုံး၏ (၅.၆.၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ၂၂ (၁၅/၉၈၂)/၇/သမ္မတရုံး

(၃) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ (၁၁.၆.၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ဆသ-၅/အပရ(SMW3-Repair) ၂၀၁၉ (၆၅၉)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာဆက်သွယ်ရေးဆက်ကြောင်း အဖြစ် အသုံးပြုနေသည့် SEA-ME-WE 3 (South-East Asia –Middle East-Western Europe 3) အာရှ-ဥရောပရေအောက်ကေဘယ်လ် ဆက်သွယ်ရေးစနစ်သည် ၁၉-၄-၂၀၁၉ ရက်နေ့ နံနက် (၁၁:၀၆) နာရီတွင် ပင်လယ်အတွင်း ရေအောက်ကေဘယ်လ် ချို့ယွင်းမှုဖြစ်ပေါ်ခဲ့၍ ရေအောက်ကေဘယ်လ်ပြုပြင်ရေးသင်္ဘော ASEAN Restorer သည် မြန်မာနိုင်ငံ ရေပိုင်နက် အတွင်း ဝင်ရောက်၍ လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

၂။ အဆိုပါ SEA-ME-WE 3 ရေအောက်ကေဘယ်လ်ချို့ယွင်းမှုသည် ခန့်မှန်းတည်နေရာ LAT 15˚ 31.505' ~ 15˚ 36.209' N နှင့် LONG 95˚ 43.249' ~ 95˚ 46.167' E တွင် ဖြစ်ပေါ် နေပြီး ရေအောက်ကေဘယ်လ်ပြုပြင်ရေးသင်္ဘော ASEAN Restorer သည် အင်ဂျင်နီယာနှင့် သင်္ဘော ဝန်ထမ်းစုစုပေါင်း (၆၁) ဦး လိုက်ပါ၍ (၁၃-၆-၂၀၁၉)ရက်နေ့မှ (၂၄-၆-၂၀၁၉) ရက်နေ့ အထိ လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တည်နေရာအတွင်း၌ ရေအောက်ကေဘယ်လ်ပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ် သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

ကိုကိုနိုင်-ညွှန်ကြားရေးမှူး(SSE)